မဲဘလန်ကျေးရွာ

မဲဘလန်ကျေးရွာအုပ်စု၊

ထန်းတပင်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မဲဘလန်ကျေးရွာ၊ ထန်းတပင်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်၊ဇူလိုင်လ

**မာတိကာ**

၁.ထန်းတပင်မြို့နယ်၊မဲဘာလန်အုပ်စု၊မဲဘာလန်ကျေးရွာ၏ သယံဇာတပြမြေပုံ ၆

၂. ထန်းတပင်မြို့နယ်၊မဲဘာလန်အုပ်စု၊မဲဘာလန်ကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန် ၇

၃ .ထန်းတပင်မြို့နယ်၊မဲဘာလန်အုပ်စု၊မဲဘာလန်ကျေးရွာ၏ ကျေးရွာတွင်း၊ရွာပြင်

အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ

၄. ထန်းတပင်မြို့နယ်၊မဲဘာလန်အုပ်စု၊မဲဘာလန်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှု ၈

အခြေအနေများ

၄.က။တည်နေရာနှင့်ပထဝီအနေအထား ၈

၄. ခ။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ ၈

၄.ဂ။ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

၄. ဃ။စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ ၈

၄. င။အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ ၈

၄. စ။ပညာရေး ၉

၄.ဆ။ကျန်းမာရေး ၉

၄.ဇ။ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၉

၄.ဈ။ကျား – မရေးရာ ၁၀

၅။ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၁


**နောက်ဆက်တွဲများ**

. နောက်ဆက်တွဲ၁ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၂


. နောက်ဆက်တွဲ၂ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၃–
၂၇

. နောက်ဆက်တွဲ၃ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား ၂၈–၂၉

**၁.** ထန်းတပင်မြို့နယ်၊မဲဘလန်အုပ်စု၊မဲဘလန်ကျေးရွာ၏ **သယံဇာတပြမြေပုံ**



၂. ထန်းတပင်မြို့နယ်၊မဲဘလန်အုပ်စု၊မဲဘလန်ကျေးရွာ၏ **ရာသီခွင်ပြ-ပြက္ခဒိန်**



## ၄.ထန်းတပင်မြို့နယ်၊မဲဘလန်အုပ်စု၊မဲဘလန်ကျေးရွာ၏**လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

### ၄.က ။တည်နေရာနှင့်ပထဝီအနေအထား

မဲဘလန်ကျေးရွာသည် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် မဲဘလန် ကျေးရွာအုပ်စု၊ ထန်းတပင်မြို့၏တောင်ဘက်(၂၀)မိုင်ခန့်အကွာ တွင်တည်ရှိပါသည်။

### ၄.ခ ။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်

မဲဘလန်ကျေးရွာသည် ရာသီဥ တုအသင့်အတင့်ရှိပြီး နှစ်စဉ်မိုးရေချိန်လက်မ (၆၀)ခန့်သာ ရှိသည်။ သဘာဝပေါက်ပင်များမှာ ညောင်ပင်၊ သရက်ပင်၊ ငှက်ပျောပင်၊မအူပင်၊ ကုက္ကိုပင် ဇီးပင်စသည့် အပင်များပေါက်ရောက်ပါသည်။

### ၂။ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း ၊ အများနှင့်ဆိုင်သော သာရေးနာရေးလုပ်ငန်းများတွင် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ အမျိုးသား/သမီး၊ လူငယ်အဖွဲ့၊ ဘုန်းတော်ကြီးကျောင်းအဖွဲ့၊ ပရဟိတအဖွဲ့တို့ဖြစ်ပါသည်။ ကျေးရွာတွင် ကိစ္စကြီးငယ်ပေါ်ပေါက်လျှင် ရွာသူ/သားများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများ ရှိပါသည်။ ပြင်ပမှ အသေးစားချေးငွေအဖွဲ့များနှင့် သာရေး/နာရေး ကိစ္စများဆောင်ရွက်ရန်နှင့် ရပ်မိ/ရပ်ဖများမှ ဖွဲ့စည်းထားသော အဖွဲ့အစည်းများက အားကောင်းကြ၍ ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းများ မရှိပါ။

### ၄.ဃ ။စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး မိုးရာသီတွင် မိုးစပါးစိုက်ပျိုး၍ ဆောင်းရာသီတွင် မတ်ပဲ၊ ပဲတီစိမ်း အသင်းပဲစသည်တို့ကို နှစ်စဉ်စိုက်ပျိုးကြသည်။ကျေးရွာတွင် လယ်မြေ (၉၀၀)ကေရှိပါသည်။မိုးစပါးပြီးချိန်တွင် မတ်ပဲစိုက်ပျိုးကြသည်။ မိုးစပါးကို ဇူလိုင်လ တွင် စတင်စိုက်ပျိုးကြပြီး နိုဝင်ဘာလတွင် ရိတ်သိမ်းကြသည်။

### ၄.င ။အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ
**(လမ်းတံတား၊အခြားအခြေခံအဆောက်အဦများလျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး)**

ကျေးရွာတွင်း ရှိလမ်းများမှာ မြေသားလမ်းများဖြစ်ကြပြီး ရွာတွင်းလမ်းအရှည်စုစုပေါင်း (၂၅၀၀)ပေရှည်လျားပြီး၊ အကျယ်(၁၂)ပေခန့်ရှိသည်။ ကျေးရွာသူ/သားများအားလုံးသည် သန့်ရှင်းသောရေသုံးစွဲနိုင်ရန် ရေတွင်း၊အဝီစိရေတွင်း/စက်တပ်နှင့် အဝီစိရေတွင်း/တုံကင်. များကိုသုံးစွဲကြသည်။ကျေးရွာတွင်အလယ်တန်းခွဲကျောင်းရှိပါသည်။ကျေးလက်ကျန်းမာရေးစောင့် ရှောက်မှုအတွက်(၂)မိုင်ခန့်အကွာတွင် ကျေးလက်ကျန်းမာရေး ဌာနရှိပါသည်။ ပွင့်လင်းရာသီတွင် ကား၊ ဆိုင်ကယ်၊ ထော်လာဂျီများ သွားလာ ရလွယ်ကူပြီး မိုးအခါ၌ ရွံ့ညွှန် များပေါ်များပြီး သွားလာရခက်ခဲသည်။ အခြားဒေသများနှင့် ကုန်သွယ် ရေးအတွက် ရေကြောင်းလမ်း၊ မီးရထားလမ်းမရှိသောကြောင့် ကား၊ ထော်လာဂျီနှင့် ဆိုင်ကယ် များကိုသာ အသုံးပြုကြသည်။ ကျေးရွာတွင် ဆိုင်ကယ်(၈၁)စီး၊သုံးဘီးဆိုင်ကယ် (၁၅)စီး၊ထော်လာဂျီ(၇)ဘီး၊ကား(၉)စီးနှင့် နွားလှည်း(၁၉)စီးကို အသုံးပြုလျက်ရှိသည်။ ကျေးရွာတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးကို အသုံးပြုကြပါသည်။ ဆက်သွယ်ရေး အနေဖြင့် ကျေးရွာအတွင်း MPT၊ Telenor ၊ Ooredoo၊ Mytel ဖုန်းများအားလုံး ဆက်သွယ် ဆောင်ရွက်နိုင်သည်။

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူ လယ်သမားများအတွက်လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ တစ်ဧကလျှင် တစ်သိန်းခွဲကျပ်နှုန်းဖြင့် ငွေထုတ်ချေးပေးပါသည်။ အခြားအသေးစား ဘဏ်များမှလည်း ငွေကြေးဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။

## ၄.စ ။ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသူ/သား အများစုသည် အခြေခံအရေးအဖတ်တို့ကိုတတ်မြောက်ကြပြီး တက္ကသိုလ်ကျောင်းသား/သူများ ၊ ဘွဲ့ရပြီးသူများလည်းရှိပါသည်။အသက်မွေးဝမ်းကျောင်းသင်တန်းများအား လက်လှမ်းမမှီသော ကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်းပညာ နိမ့်ကျနေဆဲဖြစ်ပါသည်။

## ၄.ဆ ။ကျန်းမာရေး

ကျေးရွာသူ/သားများသည် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါမရှိသလောက် ရှားပါသည်။ မိုးရာသီတွင် ကလေးသူငယ်များမှာ သွေးလွန်တုတ်ကွေးဖြစ်လေ့ရှိပြီး လူကြီးများမှာ လည်း

မိုးရာသီတုပ်ကွေးဖြစ်လေ့ရှိသည်။ ကလေးသူငယ်များအတွက် ကျန်းမာရေး ကာကွယ်ဆေး တိုက်ကျွေးသောအစီအစဉ်များကို ကျန်းမာရေးဌာနမှ နှစ်စဉ်ဆောင်ရွက်ပေးပါသည်။

### ၄.၉ ။ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမြေများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်းအတွက် ဓါတုဗေဒ ကွန်ပေါင်း မြေဩဇာ များ အသုံးပြုခြင်း၊ သဘာဝမြေဆွေးများနှစ်စဉ် မထည့်သွင်းနိုင်ခြင်းတို့ကြောင့် မြေဆီလွှာပျက်ယွင်းမှု များကြုံတွေ့နေရပါသည်။ ဆောင်းရာသီတွင်မတ်ပဲ၊ ပဲတီစိမ်း၊ အခြားပဲများနှင့် ဟင်းသီးဟင်းရွက် များတွင် ပိုးသတ်ဆေးများအသုံးပြုသောကြောင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုရှိပါသည်။ပိုးသတ်ဆေး အသုံးပြုရာတွင် ဘေးကင်းလုံခြုံမှုရှိရန် လမ်းညွှန်ချက်များ လိုက်နာဆောင်ရွက်မှု အားနည်းသေး ကြောင်း တွေ့ရှိရပါသည်။

### ၄.၅ ။ကျား – မရေးရာ

ကျား/မ အခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ ရှိသည်။ အမျိုးသမီးများသည် ထမင်းချက်၊ ရေခပ်၊ကလေးထိန်းခြင်း၊ ဈေးရောင်းခြင်းစသော ကိစ္စများဆောင်ရွက်ပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနုတ်ခြင်း၊ ပဲရိတ်ခြင်း၊ အမျိုးသားများသည် ပျိုးရိတ်ခြင်း၊ စပါးကြဲခြင်း၊ ပဲကြဲခြင်း၊ ပဲဆေးဖျန်းခြင်းလုပ်ငန်း များကို လုပ်ကိုင်ကြသည်။သာရေး/နာရေး ကိစ္စများကို အမျိုးသား/အမျိုးသမီးများအတူ ပူးပေါင်း လုပ်ဆောင် ကြသည်။ ကျေးရွာတွင် အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးများတွင် အမျိုးသမီးကဏ္ဍ သည်အလွန်အားနည်း သော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများတတ်ကြွစွာ ပါဝင်နေကြောင်းတွေ့ရပါသည်။

## ၅. ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

| ကဏ္ဍ/<br>အကြောင်းအရာ | စီမံချက် | ရမှတ်<br>ပေါင်း | အဆင်<br>့ | စီမံချက်အကြောင်းရှင်းလင်း<br>ဖော်ပြချက် |
|---|---|---|---|---|
| လမ်းတံတား | ရွာတွင်းလမ်းများကျောက်ရော<br>မြေခင်းခြင်း | ၁၀၀ | ၁ | ကျောက်ရောမြေလမ်းခင်းခြင်း(၂၅၀၀'x ၁၂'x<br>၉')ဆောင်ရွက်သွားမည်ဖြစ်သည်။ |
| မီးလင်းရေးကဏ္ဍ | ရွာဘုန်းတော်ကြီးလမ်းရှိ<br>မီးတိုင်နှင့် မီးကြိုးများ<br>ပြောင်းလဲခြင်း | ၆၇ | ၂ | ကွန်ကရစ်တိုင်ပြောင်းလဲခြင်း၊အဆင့်မြင့်မီးကြိုးများပြောင်း<br>လဲခြင်း |
| စာကြည့်တိုက်ဆောက်လုပ်ခြင်း | အသိပညာဖွံ့ဖြိုးရေးစီမံချက် | ၅၉ | ၃ | -အသိပညာများဖွံ့ဖြိုးလာစေရန် |
| သက်မွေးသင်တန်းများဖွင့်လှစ်လိုခြင်<br>း | သက်မွေးနည်းပညာရရှိရေး<br>စီမံချက် | ၄၄ | ၄ | -မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနသို့ ချိတ်ဆက်<br>ဆောင်ရွက် ခြင်း |
| လမ်းတံတား | ရွာတွင်းလမ်းများအဆင့်မြှင့်တင်<br>ရေး | ၃၂ | ၅ | ကျောက်ချောလမ်းခင်းခြင်း(၂၅၀၀'x ၁၂'x<br>၉')ဆောင်ရွက်သွားမည်ဖြစ်သည်။ |

**နောက်ဆက်တွဲ (၁)**

**ပဲခူးတိုင်းဒေသကြီး၊တောင်ငူခရိုင်၊ထန်းတပင်မြို့နယ်**

**မဲဘာလန်ကျေးရွာ-ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးမောင်ဇော် | ဦးပြည့် | ၇/ထတပ(နိုင်)၀၅၈၃၉၂ | ၄၉ | ဥက္ကဋ္ဌ | ၀၉-၄၄၅၂၄၂၄၂၀ |
| ၂ | ဦးသောင်းမြင့် | ဦးပုကြီး | ၇/ထတပ(နိုင်)၀၃၈၀၇၈ | ၅၇ | အတွင်းရေးမှူး | - |
| ၃ | ဦးမြင့်ဆွေ | ဦးသာခိုင် | ၇/ထတပ(နိုင်)၀၃၆၅၉၆ | ၆၄ | ဘဏ္ဍာထိန်း | - |
| ၄ | ဦးကြည်မြင့် | ဦးတင်မောင် | ၇/ထတပ(နိုင်)၀၃၁၅၀၁ | ၆၃ | သော့ကိုင်(၁) | - |
| ၅ | ဦးငွေးလွင် | ဦးတင်ဦး | ၇/ထတပ(နိုင်)၀၃၉၅၂၃ | ၄၉ | သော့ကိုင်(၂) | - |
| ၆ | ဦးချစ်ခိုင် | ဦးကျင်မောင် | ၇/ထတပ(နိုင်)၀၈၆၂၄၈ | ၄၃ | အဖွဲ့ဝင် | - |
| ၇ | ဦးတင်ငွေ | ဦးထွန်းကြည် | ၇/ထတပ(နိုင်)၀၃၃၁၄၈ | ၅၀ | အဖွဲ့ဝင် | - |
| ၈ | ဦးဟန်မြင့် | ဦးခင်အောင် | ၇/ထတပ(နိုင်)၀၃၆၃၃၂ | ၅၆ | အဖွဲ့ဝင် | - |
| ၉ | ဦးမြင့်အောင် | ဦးနီ | ၇/ထတပ(နိုင်)၀၃၀၂၁၅ | ၆၂ | အဖွဲ့ဝင် | - |
| ၁၀ | ဦးဝင်းစိုး | ဦးသာခိုင် | ၇/ထတပ(နိုင်)၀၄၇၁၁၇ | ၄၃ | အဖွဲ့ဝင် | - |
| ၁၁ | ဦးကျော်သူဝင်း | ဦးလှအေး | ၇/ထတပ(နိုင်)၀၈၆၃၁၀ | ၃၀ | အဖွဲ့ဝင် | - |
| ၁၂ | ဦးကြည်လွင် | ဦးကျော်ခင် | ၇/ထတပ(နိုင်)၀၃၃၁၁၈ | ၅၀ | အဖွဲ့ဝင် | - |
| ၁၃ | ဒေါ်ခင်မာသိန်း | ဦးထွန်းရှိန် | ၇/ထတပ(နိုင်)၀၄၃၀၈၃ | ၄၃ | အဖွဲ့ဝင် | - |
| ၁၄ | ဒေါ်အေးအေး | ဦးစံမောင် | ၇/ထတပ(နိုင်) ၀၄၉၈၁၃ | ၅၇ | အဖွဲ့ဝင် | - |
| ၁၅ | ဦးကျော်နိုင် | ဦးဝင်းရှိန် | - | ၄၂ | အဖွဲ့ဝင် | - |

# ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

## (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၉ | ၂၃ | ၄၂ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၂၁ | ၃၂ | ၅၃ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၆၁ | ၈၀ | ၁၄၁ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၇ | ၆၅ | ၁၁၂ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၃၂ | ၁၆၇ | ၂၉၉ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၅ | ၁၅ | ၂၀ |
| စုစုပေါင်း | | ၂၈၅ | ၃၈၂ | ၆၆၇ |
| စုစုပေါင်း အိမ်ထောင်စု | | ၂၁၀စု | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်အလုပ်လုပ်နိုင်သည့်အသက်ရွယ်များစွာရှိပါသည်။**

## (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

**ဇယား (၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၉၄၁.၃ဧက | သင့် | မရ | |
| ယာမြေ | | | | |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| စုစုပေါင်း | ၉၄၁.၃ဧက | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား) ။ ။ကျေးရွာတွင် စိုက်ပျိုးမြေအသင့် အတင့်ရှိပြီး မြေဆီလွှာ အသင့်အတင့်ကောင်းမွန်ပါသည်။ကျေးရွာအနီးတွင်ချောင်း၊မြောင်းများ မရှိပါ။နှစ်စဉ်မိုးရေချိန်လက်မ(၆၀)မှ (၈၀)လက်မကြားရှိပါသည်။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု<br>(များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု<br>(လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | - | - |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | | |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | | |
| ပျှမ်းမျှအပူချိန် - | ပျှမ်းမျှ မိုးရေချိန် -၇၀ | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျေးရွာတွင်သဘာဝအရင်းအမြစ်များ မရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေး | ၁☐၂ ✓ ၃☐ | ပညာရေး✓ ငွေကြေး☐<br>ကျန်းမာရေး✓ ဘာသာရေး✓<br>စိုက်ပျိုးမွေးမြူရေး ✓<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ | ကောင်း |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) နိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | လုံခြုံရေးနှင့် ကာကွယ်ရေး✓ | |
| ၂ | ရပ်မိရပ်ဖ | ၁□ ၂ ✓ ၃□ | ပညာရေး□ငွေကြေး□<br>ကျန်းမာရေး□ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး□ | သင့် |
| ၃ | မိဘဆရာအသင်း | ၁□ ၂✓၃□ | ပညာရေး✓ငွေကြေး□<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့် ကာကွယ်ရေး□ | သင့် |
| ၄ | ပရဟိတအသင်း | ၁□ ၂✓၃□ | ပညာရေး✓ငွေကြေး□<br>ကျန်းမာရေးÂဘာသာရေး✓<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး□ | သင့် |
| ၅ | လမ်းကော်မတီ | ၁□ ၂✓၃□ | ပညာရေး□ငွေကြေး□<br>ကျန်းမာရေး□ဘာသာရေး✓<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး□ | သင့် |
| ၆ | သာရေးနာရေးအသင်း | ၁□ ၂✓၃□ | ပညာရေး□ငွေကြေး✓<br>ကျန်းမာရေး□ဘာသာရေး✓<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး□ | သင့် |
| ၇ | ဂေါပကအဖွဲ့ | ၁□ ၂✓၃□ | ပညာရေး□ငွေကြေး□<br>ကျန်းမာရေး□ဘာသာရေး✓<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့် ကာကွယ်ရေး□ | သင့် |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျေးရွာရှိအုပ်ချုပ်အဖွဲ့မှဦးဆောင်ကာ အဖွဲ့အစည်းများသည်စည်းလုံးညီညွတ်ကြသည်။

စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ဧကအထက် | ၅ဧကမှ၁၀ဧက | ၁ဧကမှ၅ဧက | မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက်အိမ် | သွပ်မိုး/ပျဉ်ထောင် | ထရံကာသွပ်မိုး | ဝါးထရံကာ/ဓနိမိုး |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက်၊ရိတ်ခြွေစက်၊ခြွေစက် လက်တွန်းထွန်စက် | လက်တွန်းထွန်းစက်၊နွား၊နွားလှည်း | နွား၊နွားလှည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး နှင်ငံခြားဝင်ငွေ | စိုက်ပျိုးရေး၊မွေးမြူရေး၊နိုင်ငံခြား ဝင်ငွေ | နေ့စား၊စိုက်ပျိုး ရေး | ကျပန်း |
| အိမ်ထောင်စု | ၁၄ | ၁၇ | ၉၂ | ၈၇ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ကျေးရွာတွင်အလွန်မပြေလည်သော အိမ်ထောင်စုများပြားသဖြင့်အသက်မွေဝမ်းကျောင်းပညာရပ်များသင်ကြားပေးပါကမိသားစု ဝင်ငွေများတိုးပွားလာနိုင်ပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား (၆)** ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၈၇ | ၃၃ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက်(၁ ဟတ် တာထိ) | ၆၂ | ၂၃ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ ၅ ကေထိ (၂ ဟတ်တာထိ) | ၁၇ | ၂၉ | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား ( ၅ဟတ်တာထိ) | ၁၄ | ၁၂ | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ကေအထက် (၅ဟတ်တာနှင့် အထက်) | | ၃ | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၂၁၀ | | |

**ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စု (၈၇)စုရှိပါသည်။**

## (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

**ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်းစိုက်ကေ | တစ်ကေ အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| စပါး | ၆၇ | တင်း | ၄၀ | ၈၀ | ၆၀ | သင့် |
| မတ်ပဲ | ၆၇ | တင်း | ၄ | ၉ | ၆ | သင့် |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဓိကစိုက်ပျိုးသီးနှံအဖြစ် စပါးနှင့် မတ်ပဲဖြစ်သည်။ သီးနှံအထွက်နှုန်းနည်းငယ်ကြောင်းတွေ့ရှိရပါသည်။**

## (၄.၃) မွေးမြူရေးလုပ်ငန်း

**ဇယား** (၈) **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

| **မွေးမြူရေးနှင့် ငါးလုပ်ငန်း** | **မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု** | **ကောင်ရေ** |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၉ | ၂၀ |
| **နို့စားနွား** | | |
| **ကျွဲ** | | |
| **မြင်း** | | |
| မြည်း | | |
| လား | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၂၃ | ၅၀ |
| ကြက် | ၄၀ | ၂၅၅ |
| ဘဲ | ၂၀ | ၁၀၉ |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

**ရင်းမြစ်...** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ကိုင်ကြသည်ကိုသာတွေ့ရပါသည်။**

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

| **စဉ်** | **လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု)** | **လုပ်ငန်း အရေအတွက်** | **ဝန်ထမ်း / အလုပ်သမား အရေအတွက်** | **မိသားစု ဝင် လုပ်အား** | **ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်** |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |

| | | | | | |
|---|---|---|---|---|---|
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၁၃ | ၁၆ | ၄ | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | | | | |
| ၇ | လက်လီ–လက်ကား ရောင်းဝယ်ရေး | ၉ | ၉ | ၉ | |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၆ | ၆ | ၆ | |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | | | | |
| ၁၃ | ကျန်းမာရေး | | | | |
| ၁၄ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | | | | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | | ၃၁ | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာလယ်ပိုင်မရှိသောအိမ်ထောင်စုများမွေးမြူရေးမလုပ်ကိုင်သော အိမ်ထောင်စုများ အနေဖြင့်ပျံကျနေ့စားလုပ်ငန်းနှင့်လက်လီလက်ကားဈေးရောင်းခြင်း၊ကယ်ရီမောင်း ခြင်း၊ဝန်ထမ်းတို့ကိုလုပ်ကိုင်ကြသည်။ထိုသူများအနေဖြင့်စီးပွားရေးအဆင့်မှာအလယ်အလတ်နှင့် ဆင်းရဲသောအိမ်ထောင်စုများဖြစ်ကြသည်ကို တွေ့ရသည်။**

**(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

**(၅.၁) ဈေး**

**ဇယား** (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| **ဈေးကွက်လက်လှမ်းမီမှု** | **အနီးဆုံးဈေး**<br>(**အနီးဆုံး** <u>**တစ်ခုကိုသာ**</u>**ဖော်ပြပါရန်**) | **အကြီးစားဈေးကွက်**<br>(**အဓိက**<u>**တစ်ခုကိုသာ**</u>**ဖော်ပြပါရန်**) |
| --- | --- | --- |
| **ဈေးအမည်** (**မြို့**/ **ရွာ**) | ဇရပ်ကြီး | တောင်ငူ |
| **ရွာမှအကွာအဝေး** (**မိုင်**)<br>(**အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်**) | ၀ မှ ၁ မိုင်☐ ၁ မှ ၅ မိုင် ☐<br>၅ မှ ၁၀ မိုင်✓ ၁၀မှ ၁၅မိုင် ☐<br>၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင်☐ ၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၃၀ မိုင် ✓ ၃၀မှ ၅၀ မိုင် ☐<br>၅၁ မှ ၁၀၀ ☐၁၀၀မိုင်အထက်☐ |
| **သယ်ယူပို့ဆောင်ရေးနည်းလမ်း** | ခြေလျင်☐ စက်ဘီး✓ ဆိုင်ကယ် ✓ကား/ထော်လာဂျီ ✓ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ | ခြေလျင်☐ စက်ဘီး ☐ဆိုင်ကယ် ✓ ကား/ထော်လာဂျီ ✓ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။အိမ်အသုံးဆောင်၊မီးဖို ချောင်သုံး၊လူသုံးကုန်၊လယ်ယာသုံးကုန်ပစ္စည်းများနှင့် ဆေးဝါးများကို ဇရပ်ကြီးဈေးတွင်အလွယ်တကူဝယ်ယူရရှိနိုင်ပါသည်။ထိုဈေးတွင်မရှိနိုင်သောပစ္စည်းများမှသာ တောင်ငူဈေးသို့ သွားရောက်ဝယ်ယူကြကြောင်းတွေ့ရပါ သည်။**

## (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| **လမ်း အမျိုးအစား** | **အမျိုးအစား** | **အရည်အသွေး** | **ရာသီအလိုက် သုံးစွဲနိုင်မှု** | **လမ်းအရှည် (မိုင်)** |
| --- | --- | --- | --- | --- |
| **ရွာတွင်းလမ်း** | ၁ ✓၂ ☐၃ ☐<br>၄ ☐ ၅ ☐ | ကောင်း☐ သင့်☐ညံ့✓ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး ✓ | ၀–၁ မိုင်✓<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ချဉ်းကပ်လမ်း | ၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ | ကောင်း☐ သင့်☐ ညံ့☐ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး ☐ | ၀–၁ မိုင်☐ ၁–၅ မိုင်☐ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ | ကောင်း☐ သင့်☐ ညံ့☐ | ပွင့်လင်း ရာသီ☐တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင်☐ ၁–၅ မိုင်☐ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐ |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။ ။မြေသားလမ်း – ၁၊ ကျောက်ခင်းလမ်း – ၂၊ ကျောက်ချောလမ်း – ၃၊ ကွန်ကရစ်လမ်း – ၄၊ ကတ္တရာလမ်း – ၅**

**လေ့လာတွေ့ရှိချက်။ ။ လှည်း၊ ကား အသွားများသောကြောင့် လမ်းများမှာပျက်စီးနေသည်ကို လေ့လာတွေ့ရှိရပါသည်။**

## (၅. ၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ Â | ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင်☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ Â | ပွင့်လင်းရာသီ☐ တစ်နှစ်ပတ်လုံး☐ |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ရေကြောင်းသယ်ယူပို့ဆောင်ရေးမရှိပါ။**

## (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | | | ၁၂၅ | ၄၅ | ၆ | ၁၁ | ၇ | | ၁၀ |

**ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စက်ဘီး၊ မော်တော်ဆိုင်ကယ်နှင့် နွားလှည်းများကိုအသုံးပြုကြပါသည်။**

## ၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| **မဟာဓာတ်အားလိုင်း** | ၂၁၀ |
| ဆိုလာစနစ် | |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | |
| **လျှပ်စစ်မီး အသုံးမပြုနိုင်သော** | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။အိမ်ထောင်စုတိုင်းလျှပ်စစ်မီးသုံးစွဲပါသည်။**

## (၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| **အရေအတွက်** | ၁၂၀ | ၁၇ | ၂၀၀ |

**ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မိုဘိုင်းဖုန်းလိုင်းမှာ အနည်းငယ်သာကောင်းမွန်ပါသည်။ တီဗွီ၊စလောင်း ၊ဖုန်းအင်တာနက်များ အသုံးပြုမှုများလာသောကြောင့်သတင်းစုံလင်စွာသိရှိလာ ကြကြောင်းလဲတွေ့ရှိရပါသည်။**

## (၆) ပညာရေး

### (၆.၁) ကျောင်းတက်နှုန်း

**ဇယား** (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၆၁ | ၈၀ | ၁၄၁ |
| အလယ်တန်း | ၄၇ | ၆၅ | ၁၁၂ |
| အထက်တန်း | ၄၁ | ၅၅ | ၉၆ |
| တက္ကသိုလ်/ကောလိပ် | ၈ | ၇ | ၁၅ |

**ရင်းမြစ်** … (၁) **ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။**

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည်ပညာရေးအားအလေးပေးသဖြင့်ကျောင်းနေအရွယ်ကလေးများ အားလုံးကျောင်းတက်ရောက်ကြပါသည်။ယခုနှစ်ကျောင်းအပ်နှုန်းသည်လည်း ရာနှုန်းပြည့်ဖြစ်သည်ကို တွေ့ရပါသည်။**

### (၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ)✓<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း☐ | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း ☐ | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ |
| **ခ။**ရွာမှအကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် ✓<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| | ၂၀ မိုင် အထက် ☐ | | | ၂၀ မိုင် အထက် ☐ | | | ၂၀ မိုင် အထက် ☐ | | |
| **ဂ။**သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ✓<br>စက်ဘီး ✓<br>ဆိုင်ကယ် ✓<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)* | | | | | | | | | |
| **င။**အမိုး၊နံရံ၊အခင်း အရည်အသွေး | ကောင်း☐သင့် ✓ညံ့☐ | | | ကောင်း☐သင့်☐ညံ့☐ | | | ကောင်း☐သင့်☐ညံ့☐ | | |
| **စ။**ကျောင်းသုံးပရိဘောဂလုံလောက်မှု | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ✓ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ✓<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | |
| **ဇ။**ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်✓<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဈ။**ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၂ | ၈ | ၁၀ | | | | | | |
| ကျေးရွာခန့် | | ၃ | ၃ | | | | | | |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**မှတ်ချက်။ ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်အလယ်တန်း(ခွဲ)ရှိပါသည်။**

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

| # | *ရောဂါ* | *ပျံ့နှံ့မှု/ဖြစ်ပွားမှု* | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၄ | အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်☐ | မရှိ✓ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ✓ |
| ၆ | တီဘီ | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၇ | ဆီးချို | မြင့်✓ | နိမ့်☐ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်✓ | နိမ့်☐ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့်✓ | မရှိ☐ |

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု |
|---|---|---|
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ နိမ့်✓ မရှိ☐ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ နိမ့်☐ မရှိ✓ |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု** (၂) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ဆီးချို၊ သွေးတိုးရောဂါများ အဖြစ်များပါသည်။**

## (၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

**ဇယား** (၁၉) **လွန်ခဲ့သော** (၁၂) **လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | ✓ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | |
| ၃ | ပိုလီယိုရောဂါ | | ✓ |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | |
| ၅ | ဝက်သက်ရောဂါ | ✓ | |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေးထိုးနှံမှု** | ✓ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✓ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | ✓ | |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၂) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသို့ကျန်းမာရေးဌာနမှ နှစ်စဉ်ကာကွယ်ဆေးများလာရောက်ထိုးနှံ ပေးကြောင်း တွေ့ရှိရပါသည်။**

## (၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး | ၀မှ၁မိုင်☐ | ရှိ☐ |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ဌာန/ ဌာနခွဲ | ၁မိုင်မှ၃မိုင်☐<br>၃မိုင်မှ၅မိုင်☐<br>၅မိုင်မှ၁၀မိုင်☐<br>၁၀မိုင်အထက်☐ | မရှိ✓ |
| တိုက်နယ် ဆေးရုံ | ၀မှ၁မိုင်☐<br>၁မိုင်မှ၃မိုင်✓<br>၃မိုင်မှ၅မိုင်☐<br>၅မိုင်မှ၁၀မိုင်☐<br>၁၀မိုင်အထက်☐ | ရှိ✓<br>မရှိ☐ |
| မြို့နယ် ဆေးရုံ | ၀မှ၁မိုင်☐<br>၁မိုင်မှ၃မိုင်☐<br>၃မိုင်မှ၅မိုင်☐<br>၅မိုင်မှ၁၀မိုင်☐<br>၁၀မိုင်အထက်✓ | ရှိ✓<br>မရှိ☐ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါ။**

## (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇.၄. ၁) သောက်သုံးရေရရှိမှု

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၉ | ကောင်း☐ သင့်✓ ညံ့☐ | ရှိ |
| အဝီစိတွင်း/ စက်တပ် | ၃၅ | ကောင်း☐ သင့်✓ ညံ့☐ | ရှိ |
| အဝီစိတွင်း/ တုံကင် | ၁၀၂ | ကောင်း☐ သင့်✓ ညံ့☐ | ရှိ |
| မိုးရေ သိုလှောင်ကန် | | ကောင်း☐ သင့်✓ ညံ့☐ | |
| မြစ်/ချောင်းရေ | | ကောင်း☐ သင့်✓ ညံ့☐ | |
| ရေကန် | | ကောင်း☐ သင့်✓ ညံ့☐ | |

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| စိမ့်စမ်းရေ | | ကောင်း☐ သင့်✓ ညံ့☐ | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။**

**လေ့လာတွေ့ရှိချက်။ ။သောက်သုံးရေအားရေတွင်း၊တုံကင်၊အဝီစိစက်တပ်တို့မှရေစစ်ဖြင့်စစ်ယူ ကာသောက်သုံးကြပါသည်။ရေအရည်အသွေးစစ်ဆေးထားမှုမရှိကြောင်းတွေ့ရှိရပါသည်။**

**(၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)**

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၂၁၀ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ယင်လုံအိမ်သာအားသန့်ရှင်းစွာအသုံးပြုကြပါသည်။**

**(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ**

**ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ**

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | |
| ၃ | ရေကြီးခြင်း | |
| ၄ | မိုးခေါင်ခြင်း | |
| ၅ | အအေးလွန်ကဲခြင်း | |
| ၆ | မုန်တိုင်း | |
| ၇ | ငလျင် | |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၈ | မီးဘေး | |
| ၉ | ဆားငန်ရေဝင်မြေ | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | |
| ၁၁ | သစ်တောပြုန်းတီးခြင်း | |
| ၁၂ | ငှက်ဖျားရောဂါ | |
| ၁၃ | တီဘီရောဂါ | |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | |
| ၁၇ | လူကုန်ကူးခြင်း | |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်သဘာဝဘေးအန္တရာယ်ကျရောက်နိုင်မှုမရှိပါ။**

**(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ**

**ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ**

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီဩဇာအခြေအနေ | လတ် | မြေဩဇာအလွန်အကျွံသုံးစွဲခြင်း |
| အပင်မျိုးစိတ်များ | | |
| ရေအရင်းအမြစ် | | |
| ငါးမျိုးကွဲများ | | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။သီးနှံအထွက်နှုန်းကောင်းမွန်ရန်သာအရေးထားသဖြင့် ဓါတုဆေးဝါးများသုံးစွဲမှုများပြားခြင်းကြောင့်မြေဆီလွှာပျက်စီးနိုင်မှုရှိလာသော်လည်းထိန်းသိမ်းမှုမပြုလုပ်နိုင်ကြသဖြင့်စိုက်ပျိုးရေးပညာပေးဟောပြောပွဲများပြုလုပ်ပေးသင့်ပါသည်။**

**(၁၀ ကျား – မ ရေးရာ**

ဇယား (၂၅) ကျား – မ ရေးရာ

| # | ***ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ*** | ***ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်*** | |
|---|---|---|---|
| ***၁*** | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ***ရှိ☐*** | ***မရှိ✓*** |
| ***၂*** | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ***ရှိ✓*** | ***မရှိ☐*** |

**ရင်းမြစ်**(၁) **အဖွဲ့အစည်းများစာရင်း၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အမျိုးသမီးများတက်ကြွစွာပါဝင်ကြပါသည်။**

## နောက်ဆက်တွဲ၃

## ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁။ | ရွာတွင်းလမ်းမကောင်းခြင်း | မြေသားလမ်းဖြစ်နေခြင်း | ကျေးရွာဖွံ့ဖြိုးရေးလမ်းဦးစီးဌာနရှိနေခြင်း | -ငွေကြေးမတတ်နိုင်ခြင်း<br>သက်ဆိုင်ရာဦးစီး<br>-ဌာနသို့ချိတ်ဆက်မှု<br>အားနည်းခြင်း | -ကျေးရွာဖွံ့ဖြိုးရေးလမ်းဦးစီးဌာနသို့တင်ပြခြင်း<br>-ကုန်ကျစရိတ်ထည့်ဝင်နိုင်ရေးဆောင်ရွက်ခြင်း | -လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း |
| ၂။ | လျှပ်စစ်မီးမရရှိခြင်း | ဘုန်းတော်ကြီးကျောင်းလမ်းရှိမီးတိုင်နှင့် မီးကြိုးများ အသစ်ပြောင်း လဲတပ် ဆင်ခြင်း | -လျှပ်စစ်ဦးစီးဌာနရှိနေခြင်း<br>-ကျေးလက်ဦးစီးဌာနရှိနေခြင်း | -ငွေကြေး<br>- နည်းပညာ | လျှပ်စစ်ဦးစီးဌာန၊ကျေးလက်ဦးစီးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ကွန်ကရစ်တိုင်မီးကြိုးများအသစ်ပြောင်းလဲတပ်ဆင်ခြင်း |
| ၃။ | အသိပညာဗဟုသုတနည်းခြင်း | - စာကြည့်တိုက်မရှိခြင်း | -စာကြည့်တိုက်ဆောက်လုပ်ရန်မြေနေရာရှိ | -ငွေကြေး<br>- ခွင့်ပြုမှု | - မြို့နယ်ထွေ/အုပ် ၊ ပြန်/ဆက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ရန် | စာကြည့်တိုက်တည်ဆောက်ဖွင့်လှစ်နိုင်ရေးစီမံချက် |
| ၄။ | အသက်မွေးဝမ်းကြောင်းပညာမရှိခြင်း | -သင်တန်းများဆောင်ရွက်ပေးရန်တင်ပြမှုမရှိခြင်း | -စိတ်ပါဝင်စားသောလူငယ်များရှိခြင်း<br>-ကျေးလက်ဦးစီးဌာနမှ | -ကျေးလက်ဦးစီးဌာနသို့ တင်ပြမှုမရှိခြင်း | -ကျေးလက်ဦးစီးဌာနသို့တင်ပြခြင်း | အသက်မွေးဝမ်းကြောင်းသင်တန်းများဖွင့်လှစ်ဆောင်ရွက်ခြင်း |

| **စဉ်** | **ပြဿနာ** | **အကြောင်းရင်း** | **အခြေအနေကောင်းများ** | **အဟန့်အတားနှင့်စိန်ခေါ်မှု** | **ဖြေရှင်းမည့်နည်းလမ်းများ** | **အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ** |
|---|---|---|---|---|---|---|
| | | -ပညာသင်ကြားရန် အခကြေးငွေများပြားခြင်း | ဆောင်ရွက်ပေးနေခြင်း | | | |
| ၅။ | လမ်းအဆင့်မြှင့်တင်ခြင်း | မြေသားလမ်းဖြစ်နေခြင်း | ကျေးရွာဖွံ့ဖြိုးရေးလမ်းဦးစီးဌာနရှိနေခြင်း | -ငွေကြေးမတတ်နိုင်ခြင်း သက်ဆိုင်ရာဦးစီး -ဌာနသို့ချိတ်ဆက်မှု အားနည်းခြင်း | -ကျေးရွာဖွံ့ဖြိုးရေးလမ်းဦးစီးဌာနသို့တင်ပြခြင်း -ကုန်ကျစရိတ်ထည့်ဝင်နိုင်ရေးဆောင်ရွက်ခြင်း | ကျောက်ချောလမ်း(သို့)ကွန်ကရစ်လမ်းခင်းခြင်း |